# ကျွမ်းကျင်လုပ်သားများနှင့်စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေး ဆိုင်ရာ လုပ်ငန်းကော်မတီ

(က) ရည်ရွယ်ချက်

(၁) လူပုဂ္ဂိုလ်များရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် အောက်ရှိ ကတိကဝတ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်

(၂) စံသတ်မှတ်ချက်မရှိလျှင် စာရွက်စာတမ်း လိုအပ်ချက်များကို လျှော့ချရန်

(ခ) လုပ်ငန်းကော်မတီ ဖွဲ့စည်းမှု

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်<br>ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ကိုယ်စားလှယ်(၁)ဦး<br>ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | အတွင်းရေးမှူး |

## (ဂ) လုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) လိုအပ်ပါက ဒေသအတွင်း၌ အသက်မွေးဝမ်းကြောင်း ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှုကို လွယ်ကူချောမွေ့ စေရန်အတွက် နောက်ထပ်အပြန်အလှန်အသိအမှတ်ပြုအစီအစဉ် အသစ်များ ဆောင်ရွက်နိုင်ရေးဖြစ်နိုင်ချေကိုစဉ်းစားရန်နှင့် လက်ရှိဆောင်ရွက် လျက်ရှိသည့် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များကို ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်၊

(၂) ဒေသတွင်းကျောင်းသား/သူများ၊ဝန်ထမ်းများ နယ်စပ်ဖြတ်ကျော်သွားလာမှုတိုး မြှင့်လာစေရန်အတွက် အာဆီယံတက္ကသိုလ်များ ကွန်ယက်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဦးစားပေးဝန်ဆောင်မှုကဏ္ဍများအတွက် ၂၀၀၉ခုနှစ်မတိုင်မီတွင် လည်းကောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍများ အတွက် ၂၀၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ လိုအပ်သည့်လုပ်ငန်းကျွမ်းကျင်မှုအတွက် အဓိကစွမ်းဆောင်ရည် နှင့် အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်၊

(၄) အာဆီယံနိုင်ငံများအကြား အလုပ်အကိုင်ဆိုင်ရာသတင်းကွန်ယက် တိုးတက်လာ စေရေးနှင့်စွမ်းရည်တိုးမြှင့်ရေး၊ အလုပ်နေရာချထားရေးတို့အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီမှ သုတေသနစွမ်းရည်များ မြှင့်မားလာစေရန်၊

(၅) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သည့် အာဆီယံကျွမ်း ကျင်လုပ်သား အသက်မွေးဝမ်းကျောင်းသူများအတွက် ဗီဇာနှင့်အလုပ်လုပ်ကိုင် ခွင့်ထုတ်ပေးရာတွင် လွယ်ကူချောမွေ့စေရန် ၊

(၆) ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားသားများအား ဝင်ထွက်သွားလာမှု အဆင်ပြေစေမည့်အစီအစဉ်များကို မြန်မာနိုင်ငံ၏တည်ဆဲ စည်းမျဉ်းစည်းကမ်းများအရ ပံ့ပိုးကူညီပေးရန်၊

(၇) လုပ်ငန်းကော်မတီသည် မိမိလုပ်ငန်းဆောင်ရွက်မှု၊ ပြီးမြောက်မှုနှင့် တိုးတက်မှု အခြေအနေများကို အာဆီယံ အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများအကောင် အထည်ဖော်ရေးကော်မတီမှတဆင့် တင်ပြအစီရင်ခံလမ်းညွှန်မှုယူရန်၊